
# မော်တော်ယာဉ် ပြုပြင်ထိန်းသိမ်းရာတွင် အရေးကြီးသည့် အချက်များ

## ~ထရပ်ကား၊ ဘတ်စ်ကား ပြုပြင်ထိန်းသိမ်းမှုအပိုင်း~



# ဦးစွာ

ဤသင်ထောက်ကူပစ္စည်းသည် “ဘေးအန္တရာယ်ကင်းရှင်းရေးနှင့်
ကျန်းမာသန့်ရှင်းရေးဆိုင်ရာ သင်ထောက်ကူပစ္စည်း
(ခရီးသည်တင်ယာဉ်အပိုင်း)” အတွက် ဖြည့်စွက်မှုအဖြစ်၊ ထရပ်ကား၊
ဘတ်စ်ကား (ယာဉ်ကြီး) များ ပြုပြင်ထိန်းသိမ်းမှုလုပ်ငန်းတွင်
သတိထားသင့်သော အချက်များကို ရှင်းပြထားပါသည်။

မော်တော်ယာဉ် ပြုပြင်ထိန်းသိမ်းရေး လုပ်ငန်းခွင်တွင်၊
မတော်တဆမှုများနှင့် ဆက်စပ်နေသော “အန္တရာယ်”
ရှိသည့်လုပ်ငန်းများ များစွာရှိပါသည်။
ကိုယ်တိုင် ထိုမတော်တဆမှုကြောင့် ထိခိုက်ဒဏ်ရာရနိုင်သည်သာမက၊
တစ်ဖက်လူကိုလည်း ထိခိုက်ဒဏ်ရာရစေခြင်းများလည်း ရှိပါသည်။
မတော်တဆမှုမဖြစ်စေရန် နှင့် တစ်ဖက်လူကို
ထိခိုက်ဒဏ်ရာမရစေရန်အတွက် အားလုံးသည်
ဤသင်ထောက်ကူပစ္စည်းကို သုံးကာ၊ ထရပ်ကား၊ ဘတ်စ်ကားများ
ပြုပြင်ထိန်းသိမ်းမှုလုပ်ငန်းတွင် ဘေးအန္တရာယ်ကင်းရှင်းစေရန်
သင်ယူကြရအောင်။



# ဦးစွာ

မော်တော်ယာဉ် ပြုပြင်ထိန်းသိမ်းရာတွင်ဖြစ်သော
မတော်တဆမှုများမှာ၊

“ညှပ်မိခြင်း၊ ညပ်ပါသွားခြင်း”

“တိုက်ခြင်း၊ ပြုတ်ကျခြင်း”

တို့ကြောင့် ဖြစ်ရပါသည်။
မော်တော်ယာဉ် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းတွင်
ပုန်းကွယ်နေသော “အန္တရာယ်” များစွာရှိပါသည်။
“ငါကတော့အဆင်ပြေပါတယ်” ဆိုသည့်အတွေးကို
ဖယ်ထုတ်ကာ၊ အမြဲတမ်း
“ဘေးအန္တရာယ်ကင်းရှင်းရေးသာ အရေးအကြီးဆုံး”
ဟုတွေးကြရအောင်။



# မာတိကာ


1 ဘေးအန္တရာယ်ကင်းရှင်းစေရေး မှတ်သားသင့်သည်များ

2 သပ်ရပ်စွာဝတ်စားဆင်ယင်မှု

3 ကားလမ်းပြခြင်း

4 လုပ်ငန်းအတွက် ကြိုတင်ပြင်ဆင်မှု

5 လုပ်ငန်းတွင် အသံပြုခြင်း

6 ဘေးအန္တရာယ်ကင်းရှင်းမှု မရှိသောလုပ်ငန်း

7 နိဂုံးချုပ်အားဖြင့်





1
ဘေးအန္တရာယ်
ကင်းရှင်းစေရေး
မှတ်သားသင့်
သည်များ

# 1 ဘေးအန္တရာယ်ကင်းရှင်းစေရေး မှတ်သားသင့်သည်များ

【ဘေးအန္တရာယ်ကင်းရှင်းသောလုပ်ငန်းဆိုသည်မှာ】
မော်တော်ယာဉ် ပြုပြင်ထိန်းသိမ်းရာတွင်
မှန်ကန်သောလုပ်ငန်းနှင့် ဘေးအန္တရာယ်ကင်းရှင်းသော
လုပ်ငန်းများကို မလုပ်ပါက၊ မတော်တဆမှုများ ဖြစ်ပွားကာ
လူများထိခိုက်ဒဏ်ရာရမည်ဖြစ်ပါသည်။
ထို့အပြင် ဖောက်သည်၏ကားကိုလည်း ပျက်စီးစေကာ၊
စက်ရုံလုပ်ငန်းများ မပြီးမစီးဖြစ်သွားပါမည်။

ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်း လုပ်ရာတွင်၊ အမြဲတမ်း
"အန္တရာယ်" ကိုစဉ်းစားလျက်၊
လုပ်ငန်းတစ်ခုချင်းစီနှင့်စပ်လျဉ်း၍
"အတည်ပြုစစ်ဆေးခြင်း" ကို လုပ်ဆောင်ကြရန် ဖြစ်သည်။

# 1 ဘေးအန္တရာယ်ကင်းရှင်းစေရေး မှတ်သားသင့်သည်များ

**“ဖြစ်ခဲ့ရင်” ဆို၍ အန္တရာယ်ကို စဉ်းစားမည်!**

## လူများတွင်

- ညှပ်မိခြင်း
- ဓာတ်လိုက်ခြင်း
- ညှပ်ပါသွားခြင်း
- ခါးနာသွားခြင်း
- ထိမှန်ခြင်း
- လိမ့်ကျခြင်း
- ပြုတ်ကျခြင်း
- မီးလောင်ဒဏ်ရာရခြင်း

**+ “ခဲ့ရင်”**

ဥပမာ လက်များ ညှပ်မိခဲ့ရင်

## ပစ္စည်းများတွင်

- ရွေးလျားသွား
- မီးလောင်သွား
- လိမ်ကွေးသွား
- ပြိုလဲသွား
- လွင့်ထွက်သွား
- ပြိုပျက်သွား
- ပြုတ်ကျခြင်း
- ပေါက်ကွဲသွား
- ချော်ထွက်သွား
- ယိုစိမ့်သွား

**+ “ခဲ့ရင်”**

**ဥပမာ** တာယာ လိမ်ကွေးသွားခဲ့ရင်

**အမြဲတမ်း “ဖြစ်ခဲ့ရင်”ကိုစဉ်းစားလျက် လုပ်ငန်းလုပ်ကြရအောင်**



# 2
# သပ်ရပ်စွာဝတ်စား ဆင်ယင်မှု

# 2 သပ်ရပ်စွာဝတ်စားဆင်ယင်မှု

"သပ်ရပ်စွာဝတ်စားဆင်ယင်မှု" ဆိုသည်မှာ အားလုံး စိတ်လက်ချမ်းသာစွာ လုပ်ငန်းလုပ်ဆောင်နိုင်ရန်၊ ဖောက်သည်အား စိတ်လက်မချမ်းမသာ မဖြစ်စေရန်အတွက် ဝတ်စားဆင်ယင်မှုနှင့် ကြည့်ကောင်းစေရန် ပြုလုပ်ခြင်းဖြစ်ပါသည်။

အထူးသဖြင့် **"လက်ရှည်ဘောင်းဘီရှည်တစ်ဆက်တည်းဝတ်စုံ"** မှာ ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းလုပ်ရာတွင် ဝတ်သည့် ယူနီဖောင်းဖြစ်ပြီး၊ မော်တော်ယာဉ် ပြုပြင်ထိန်းသိမ်းရေး လုပ်ငန်းလုပ်နေစဉ်ရှိ အန္တရာယ်များမှ ခန္ဓာကိုယ်ကို ကာကွယ်ပေးသည့် အခန်းကဏ္ဍရှိသည်။ "လက်ရှည်ဘောင်းဘီရှည်တစ်ဆက်တည်းဝတ်စုံ" ကိုမှန်မှန်ကန်ကန် ဝတ်ဆင်ခြင်းမှာ ဘေးအန္တရာယ်ကင်းရှင်းသော လုပ်ငန်းနှင့်ချိတ်ဆက်နေပြီး၊ မတော်တဆမှုများကို ကာကွယ်ပေးကာ၊ ဖောက်သည်ထံတွင်လည်း မျက်နှာပန်းလှစေပါသည်။

အောက်ပါအချက်များကို လိုက်နာပြီး၊ "လက်ရှည်ဘောင်းဘီရှည်တစ်ဆက်တည်းဝတ်စုံ"ကို မှန်မှန်ကန်ကန် ဝတ်ကြရအောင်။

# 2　သပ်ရပ်စွာဝတ်စားဆင်ယင်မှု

## “လက်ရှည်ဘောင်းဘီရှည်တစ်ဆက်တည်း ဝတ်စုံ” ကိုမှန်ကန်စွာ ဝတ်ဆင်နည်း



### စစ်ဆေးရမည့်အချက်များ

☐ခန္ဓာကိုယ်နှင့် ကိုက်ညီသော ဆိုဒ်ကိုရွေးချယ်ခြင်း

☐ဦးထုပ်လျှာကို အရှေ့ချဆောင်းခြင်း

☐ဇစ်ဆွဲထားခြင်း

☐အင်္ကျီလက်ကို စည်းထားခြင်း

☐ညစ်ပတ်မနေစေခြင်း

☐အပေါက်ပေါက်မနေစေခြင်း

☐ဘေးကင်းလုံခြုံရေးဖိနပ်ကို စီးထားခြင်း

※ဘေးကင်းလုံခြုံရေးဖိနပ် ＝ ခြေချောင်းများကို ကာကွယ်ပေးပြီး၊ မချော်စေသည့် ဖိနပ်ဖြစ်ပါသည်

# 2　သပ်ရပ်စွာဝတ်စားဆင်ယင်မှု

## "လက်ရှည်ဘောင်းဘီရှည်တစ်ဆက်တည်းဝတ်စုံ" အား မှားယွင်းသော ဝတ်ဆင်နည်း



| (ဥပမာ) | (အကြောင်းအရင်း) |
| --- | --- |
| ☐ဦးထုပ်လျှာကို အနောက်ချဆောင်းခြင်း | မျက်လုံးထဲသို့ အမှိုက်ဝင်ခြင်း |
| လက်ရှည်ဘောင်းဘီရှည်တစ်ဆက်တည်းဝတ်စုံ အပေါ်ပိုင်းကို ချွတ်ထားခြင်း | ထိခိုက်ဒဏ်ရာများမှ ခန္ဓာကိုယ်ကို မကာကွယ်နိုင်ခြင်း |
| အိတ်ကပ်ထဲ လက်နှိုက်ခြင်း | ပစ္စည်းများပြုတ်ကျလာပြီး ထိခိုက်ဒဏ်ရာရခြင်း |
| ဘေးကင်းလုံခြုံရေးဖိနပ်ကို မစီးထားခြင်း | ခြေထောက်ကို မကာကွယ်နိုင်ခြင်း |


3 ကားလမ်းပြခြင်း

# 3 ကားလမ်းပြခြင်း

ကားနောက်ဆုတ်ချိန်တွင် မတော်တဆမှု
ဖြစ်လွယ်ပါသည်။
ယာဉ်မောင်းသည် အနောက်ခြမ်းကို
မမြင်ရသလောက်ဖြစ်ပါသည်။
ထို့ကြောင့် ကားကိုလမ်းပြကာ ယာဉ်မောင်း၏
မောင်းနှင်မှုကို ကူညီပေးရန် လိုအပ်ပါသည်။

အောက်ပါအချက်များကို လိုက်နာပြီး၊
ကားကိုလမ်းပြကြရအောင်။

# 3　ကားလမ်းပြခြင်း

**【သတိပြုရန်အချက်များ】**

① ကားကို မရွှေ့မီတွင် ပတ်ဝန်းကျင်၌ ပစ္စည်းများ ရှိမရှိ အတည်ပြုစစ်ဆေးပါ။

② ပတ်ဝန်းကျင်ရှိ ကား၊ ပစ္စည်း၊ လူများ၏ လှုပ်ရှားသွားလာမှုကိုလည်း သတိပြုကာ၊ မိမိကိုယ်တိုင်၏ ဘေးအန္တရာယ်ကင်းရှင်းမှုကိုလည်း အတည်ပြုစစ်ဆေးပါ။

③ လမ်းပြသူသည် ကားမှ လုံလောက်သောအကွာအဝေးတစ်ခု ခြားထားပြီး၊ ယာဉ်မောင်းထံမှ မြင်နိုင်သောနေရာတွင် ရပ်ပါ။

ယာဉ်မောင်းထိုင်ခုံမှ မှန်



ယာဉ်မောင်းထိုင်ခုံမှ ကြည့်ခြင်း



# 3　ကားလမ်းပြခြင်း

**【သတိပြုရန်အချက်များ】**

④ ယာဉ်မောင်းကြားနိုင်စေရန် အသံကျယ်ကျယ်နှင့် လက်ဟန်ဖြင့် “ရပြီ (All Right)၊ ရပ် (Stop)” စသည့် အချက်ပြမှုကို ပြုလုပ်ပါ။




https://youtu.be/CGRTl04eInw




https://youtu.be/jILRPS03aqE



# 4 လုပ်ငန်းအတွက် ကြိုတင်ပြင်ဆင်မှု

# 4 လုပ်ငန်းအတွက် ကြိုတင်ပြင်ဆင်မှု

သေသေချာချာ "ကြိုတင်ပြင်ဆင်မှု" ကိုမလုပ်ထားဘဲ ဒီအတိုင်း ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းကို လုပ်ဆောင်ပါက၊ မတော်တဆမှုနှင့် ထိခိုက်ဒဏ်ရာရမှုများ ဖြစ်ပေါ်စေနိုင်ပါသည်။ ဤတွင် လုပ်ငန်းမစမီတွင် ဆောင်ရွက်သင့်သော ကြိုတင်ပြင်ဆင်မှုနှင့် အတည်ပြုစစ်ဆေးရမည့် အချက်များကို သင်ယူကြရအောင်။

# 4 လုပ်ငန်းအတွက် ကြိုတင်ပြင်ဆင်မှု

**【ကားရပ်နားခြင်း】**

① ကားကို ညီညာသောနေရာတွင် ရပ်ခြင်း။

② ကားဂီယာမောင်းတံကို Neutral (N) သို့မဟုတ် P-range တွင်ထားခြင်း။

③ ကားပါကင်ဘရိတ်ကို ဆွဲထားခြင်း။

④ ကားရှေ့ညာဘက်တာယာ၏ အရှေ့နှင့်အနောက်တွင် "ကြမ်းတုံး"ခုခြင်း။

⑤ ကားတံခါးလက်ကိုင်တွင် ချိတ်တပ်ထားခြင်း။

သတိပြုရန်! **ပါကင်ဘရိတ်ကို ဆွဲရန်မေ့ခြင်းနှင့်၊ မမိခြင်းတို့ဖြစ်ပါက ကားမှာရွေ့လျားသွားမည်။**
**လုပ်ငန်းလုပ်နေစဉ် ကားရွေ့သွားပြီး၊ ညှပ်မိ၊ တိုက်မိသည့် မတော်တဆမှုများ ဖြစ်ပွားနေပါသည်။**
**ယာဉ်ရပ်သည့်အခါ ကြမ်းတုံးခုပါ။**

# 4 လုပ်ငန်းအတွက် ကြိုတင်ပြင်ဆင်မှု

သတိပြုရန်! **ကားကို ရွှေ့သည့်အခါ ကြမ်းတုံးကို ဖြုတ်ကြရအောင်။ ကြမ်းတုံးကို မဖြုတ်ဘဲ ကားကိုရွှေ့လိုက်ပါက ကားကို ရွှေ့၍ထိန်း၍မရသောကြောင့် အန္တရာယ်များပါသည်။**




https://youtu.be/3yOT4kYR-Mo

# 4　လုပ်ငန်းအတွက် ကြိုတင်ပြင်ဆင်မှု

သတိပြုရန်!

**လုပ်ငန်းမစမီတွင် ကားခေါင်းထဲမှ ပစ္စည်းများကို မရှင်းလင်းထားပါက၊ ပစ္စည်းများပြုတ်ကျပြီး မှန်နှင့် ပစ္စည်းများ ပျက်စီးနိုင်သည့် အန္တရာယ်ရှိပါသည်။**

သတိပြုရန်!

**ကားခေါင်းခန်း လှုပ်ရှားနေသည့်အခါနှင့် ဇက်ကိုလှန်ထားသည့်အတိုင်း ထားထားသည့်အခါတို့တွင် ကားခေါင်းပြုတ်ကျပြီး၊ ညပ်ပါသွားတတ်သောကြောင့်၊ ကားခေါင်းခန်းအောက်သို့ လုံးဝမဝင်ပါနှင့်။**





https://youtu.be/tOkQFYWnmcw

# 4　လုပ်ငန်းအတွက် ကြိုတင်ပြင်ဆင်မှု


**【ကားဇက်ခေါင်းလှန်ခြင်း (လက်ဖြင့်မခြင်း) ကားဇက်ထောင်ခြင်း (လျှပ်စစ် ဟိုက်ဒရောလစ်)】**

ထရပ်ကား၏ အင်ဂျင်သည် ကားခေါင်းခန်းအောက်တွင် ရှိနေသောကြောင့် ကားခေါင်းခန်းကို မတင်သည့် အလုပ်ကိုလုပ်ဆောင်ရပါမည်။

လက်ဖြင့်မရသည့် အမျိုးအစား



လျှပ်စစ် ဟိုက်ဒရောလစ် အမျိုးအစား




① စက်ရုံအတွင်းစသည်တို့တွင် ကားဇက်ခေါင်းလှန်သည့်အခါ ကား၏အရှေ့နှင့် မျက်နှာကျက်ကြားတွင် နေရာကို လုံလုံလောက်လောက် ယူထားရမည်။

② ကားခေါင်းထဲတွင် ရှိနေသောပစ္စည်းများ လဲကျကာ မပျက်စီးစေရန် မြဲမြဲအောင်ထားခြင်း၊ သို့မဟုတ် ကားခေါင်းအပြင်ဘက်တွင် ချထားရမည်။

③ ကားဝက်ခြံပေါ်ရှိ ပစ္စည်းများကို မပျက်မကွက် ချရမည်။

④ ဘယ်ညာ တံခါးများကို မပျက်မကွက် ပိတ်ရမည်။


⑤ ပတ်ဝန်းကျင်ကို စစ်ဆေးအတည်ပြုပြီး၊ "キャブ上げます" (ကားဇက်လှန်မယ်)ဟုအသံပြုရမည်။

# 4　လုပ်ငန်းအတွက် ကြိုတင်ပြင်ဆင်မှု

**【ကားဇက်ကို လက်ဖြင့်မ၍ လှန်သည့်အခါ】**

တစ်ယောက်တည်း ကားဇက်ကို လက်ဖြင့်မ၍ မလှန်နိုင်သည့်အခါ ကူညီရန် တောင်းဆိုရမည်။




① ပတ်ဝန်းကျင်ကို စစ်ဆေးအတည်ပြုပြီး၊ "キャブ上げます" (ကားဇက်လှန်မယ်)ဟုအသံပြုရမည်။

② ကားခေါင်း လော့ခ်ပင်ကို ဖြုတ်ပြီး လီဗာဆွဲကာ လော့ခ်ကိုဖြုတ်ရမည်။

③ ကားခေါင်း လော့ခ်လီဗာကို ဆွဲထားလျက် ကားဇက်ခေါင်းကို လှန်ရမည်။

④ ဇက်လှန်ထားမှုကို ငြိမ်နေစေသည့်ကိရိယာ၏ လော့ခ်လီဗာကို လက်ဖြင့်အတည်ပြုစစ်ဆေးပြီး၊ "ロックよし" (လော့ခ်အိုကေ)ဟုအသံပြုရမည်။



# 4 လုပ်ငန်းအတွက် ကြိုတင်ပြင်ဆင်မှု

သတိပြုရန်!

**ဇက်ခေါင်းလှန်ထားသည်ကို လော့ခ်ချထားလျှင်ပင်၊ ဇက်လှန်ထားမှုကို ငြိမ်နေစေသည့်ကိရိယာနှင့် ထိမိပါက လော့ခ်ပြုတ်သွားသည့် အခါများလည်းရှိပါသည်။ လော့ခ်ပင်နှင့်၊ ဇက်ခေါင်းငြိမ်စေသည့် လော့ခ်များကို မပျက်မကွက် လော့ခ်ချထားပါ။**





https://youtu.be/OYDY1hf3LyU

# 4　လုပ်ငန်းအတွက် ကြိုတင်ပြင်ဆင်မှု

**【ကားကို ချီပင့်ခြင်း】**

※ ချီပင့်ခြင်းဆိုသည်မှာ ချီပင့်ကိရိယာဖြင့် ကားကို ရေပြင်ညီအတိုင်း မခြင်းဖြစ်သည်။



① ကားနှင့် ကိုက်ညီသည့် ပင့်တင်ကိရိယာ (Attachment)ကို ရွေးချယ်ရမည်။


② ပင့်တင်ကိရိယာ (Attachment) နှင့် ချီပင့်ကိရိယာကြားတွင် လက်မညပ်စေရန် ပင့်တင်ကိရိယာ (Attachment) လက်ကိုင်ကို သုံးရမည်။ ပင့်တင်ကိရိယာ (Attachment) ကို ချီပင့်စက်တွင် ခိုင်မာစွာ တပ်ဆင်ရမည်။

③ ကားဖရိန်နှင့် ပင့်တင်ကိရိယာ (Attachment) ကို ခိုင်ခိုင်မာမာနှင့် ကိုက်ညီစွာ တပ်ဆင်ရမည်။

④ ပတ်ဝန်းကျင် ဘေးအန္တရာယ်ကင်းရှင်းရေးကို အတည်ပြုစစ်ဆေးရမည်။


⑤ "あげます" (မမယ်)ဟုအသံပြုပြီး၊ အခြားလုပ်သားများထံမှ "はい" (ဟုတ်)ဟုပြန်ကြားပြီးမှသာ ချီပင့်ရမည်။

# 4 လုပ်ငန်းအတွက် ကြိုတင်ပြင်ဆင်မှု




https://youtu.be/vx-Afltzy7E

သတိပြုရန်! **ပင့်တင်ကိရိယာ (Attachment) ကို ချိပင့်စက်တွင် ခိုင်ခိုင်မာမာ မတပ်ဆင်ထားပါက ကားပြုတ်ကျတတ်ပါသည်။**



သတိပြုရန်! **ချိပင့်စက်ကို မောင်းနှင်နေချိန်တွင် ကားအောက်သို့ မဝင်ပါနှင့်။**

**ကားပြုတ်ကျပါက ချက်ချင်း ထွက်ပြေးပါ။**

# 4 လုပ်ငန်းအတွက် ကြိုတင်ပြင်ဆင်မှု

**【ကားဂျိုက်ထောက်ခြင်း】**

※ ဂျိုက်ထောက်ခြင်းဆိုသည်မှာ ဂျိုက်ဖြင့် ကား၏ ရှေ့သို့မဟုတ် နောက်ကို ပင့်တင်ခြင်း၊ ချခြင်းတို့ ပြုလုပ်ခြင်းဖြစ်ပါသည်။








① ကားနှင့်ကိုက်ညီသည့် ဂျိုက်ကို ရွေးချယ်ရမည်။

② ကား၏ ဂျိုက်ထောက်ပင့်တင်ရမည့် အမှတ်တွင် ဂျိုက်ကို တပ်ဆင်ထားရှိရမည်။

③ Rigid Rack (Uma) ကိုသုံးသည့်အခါ ဂျိုက်ထောက်ပင့်တင်ရမည့် အမှတ်တွင် တပ်ဆင်ထားရှိပြီး၊ ချိန်ညှိပင်ဖြင့် အမြင့်ကို ချိန်ညှိရမည်။




④ ပတ်ဝန်းကျင် ဘေးအန္တရာယ်ကင်းရှင်းရေးကို အတည်ပြုစစ်ဆေးပြီးမှ ဂျိုက်ထောက်ရမည်။

# 4　လုပ်ငန်းအတွက် ကြိုတင်ပြင်ဆင်မှု

**【အင်ဂျင်လည်ပတ်မှု】**

## ① ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်း မစမီတွင် သော့ကိုဖြုတ်ပါ။


・ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်း လုပ်နေစဉ်တွင် အင်ဂျင်ကို မနိူးပါနှင့်။




https://youtu.be/grYZrL4u_g4

## ② ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်း မစမီတွင် လုံခြုံရေးခလုတ်ကို ON ထားပါ။

※ ဘတ်စ်ကားအကြီးစား (အနောက်ခြမ်းတွင် အင်ဂျင်) ပါသည့်ကား




**【လုံခြုံရေးခလုတ်】**

・လုပ်ငန်းလုပ်နေစဉ်တွင် အင်ဂျင်မနိူးစေရန် ပြုလုပ်ပေးသည့် ခလုတ်။

ဘတ်စ်ကား၏ အင်ဂျင်ခန်းထဲတွင်ပါသည်။

**သတိပြုရန်!**




https://youtu.be/sMluP59jYik

**ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်း လုပ်နေစဉ်တွင် မှားယွင်းပြီး အင်ဂျင်ကိုနိူးလိုက်မိပါက မတော်တဆမှုနှင့် ထိခိုက်ဒဏ်ရာရမှုများ ဖြစ်ပေါ်စေနိုင်သည်။**




# 5 လုပ်ငန်းတွင် အသံပြုခြင်း

# 5 လုပ်ငန်းတွင် အသံပြုခြင်း

ထရပ်ကားနှင့် ဘတ်စ်ကားများကို ပြုပြင်ထိန်းသိမ်းရာတွင် နှစ်ယောက် သို့မဟုတ် သုံးယောက်တွဲကာ လုပ်ဆောင်ရပါသည်။ အပြန်အလှန် အသံပြုခြင်း "こえかけ" (အသံပြုခြင်း)ကိုလုပ်ဆောင်ကာ လုပ်သားမှ အင်ဂျင်ကိုနှိုးသည့်အခါနှင့် ချိပင့်စက်ကို ရွှေ့လျားစေသည့်အခါ စသည်တို့တွင် အန္တရာယ်ရှိမရှိ အသံဖြင့် ပတ်ဝန်းကျင်ရှိ လုပ်သားများကို အသိပေးပြီး "ハイ" (ဟုတ်)သို့မဟုတ်"ダメ" (မလုပ်နဲ့)သို့မဟုတ်"まだ" (မရသေးဘူး) စသည့်အသံများကို အတည်ပြုပြီးမှ လုပ်ငန်းကို စတင်ရမည်။


ထို့အပြင် အသံပြုလျက် အလုပ်လုပ်ခြင်းအားဖြင့် ပတ်ဝန်းကျင်မှလူများကို သတိပေးခြင်းမှာ၊ မတော်တဆမှုကို ကာကွယ်ခြင်းနှင့် ချိတ်ဆက်နေသည်။ "အသံပြုခြင်း" လုပ်ဆောင်ရမည့် နေရာနှင့် ၎င်းနည်းလမ်းနှင့်စပ်လျဉ်း၍ သင်ယူကြရအောင်။

# 5　လုပ်ငန်းတွင် အသံပြုခြင်း

**【ကားဇက်ကို လက်ဖြင့်မ၍ လှန်သည့်အခါတွင် အသံပြုခြင်း】**

① ပတ်ဝန်းကျင်ကို စစ်ဆေးအတည်ပြုပြီး၊
“キャブ上げます” (ကားဇက်လှန်မယ်)ဟုအသံပြုရမည်။

② ဇက်လှန်ထားမှုကို ငြိမ်နေစေသည့်ကိရိယာ၏
အလုပ်လုပ်နေမှုကို လက်ဖြင့်အတည်ပြုစစ်ဆေးပြီး၊
“ロックよし” (လော့ခ်အိုကေ)ဟုအသံပြုရမည်။




https://youtu.be/OYDY1hf3LyU

# 5　လုပ်ငန်းတွင် အသံပြုခြင်း

## 【လျှပ်စစ်အားဖြင့် ဇက်ခေါင်းလှန်သည့်အခါတွင် အသံပြုခြင်း】

・ကားဇက်ခေါင်းလှန်သည့်အခါ ပတ်ဝန်းကျင်
ဘေးအန္တရာယ်ကင်းရှင်းရေးကို အတည်ပြုစစ်ဆေးပြီး
"キャブあげます"
(ကားဇက်လှန်မယ်)ဟုအသံကျယ်ကျယ်ဖြင့် အသံပြုရမည်။
အခြားလုပ်သားများထံမှ "はい" (ဟုတ်)ဟုပြန်ဖြေသည်ကို
အတည်ပြုပြီးမှသာ ကားဇက်ခေါင်းကို လှန်ရမည်။




https://youtu.be/39MX3FFvjRM

# 5　လုပ်ငန်းတွင် အသုံးပြုခြင်း

- ကားဇက်ခေါင်းချသည့်အခါ ပတ်ဝန်းကျင် ဘေးအန္တရာယ်ကင်းရှင်းရေးကို အတည်ပြုစစ်ဆေးပြီး “キャブおろします” (ကားဇက်ချမယ်)ဟုအသံကျယ်ကျယ်ဖြင့် အသံပြုရမည်။ အခြားလုပ်သားများထံမှ “はい” (ဟုတ်)ဟုပြန်ဖြေသည်ကို အတည်ပြုပြီးမှသာ ကားဇက်ခေါင်းကို ချရမည်။




https://youtu.be/AWRylr_WstY

# 5　လုပ်ငန်းတွင် အသံပြုခြင်း

**【ကား ချိပင့်စက်ကို ပင့်တင်သည့်အခါတွင် အသံပြုခြင်း】**

・ချိပင့်စက်ကို ပင့်တင်သည့်အခါ ပတ်ဝန်းကျင်
ဘေးအန္တရာယ်ကင်းရှင်းရေးကို အတည်ပြုစစ်ဆေးပြီး
“リフトあげます” (ချိပင့်စက် ပင့်တင်မယ်)
ဟုအသံကျယ်ကျယ်ဖြင့် အသံပြုရမည်။
ပတ်ဝန်းကျင်ရှိ လုပ်သားများမှ “はい”(ဟုတ်)
ဟုပြန်ဖြေသည်ကို အတည်ပြုပြီးမှ ချိပင့်စက်ကို
ပင့်တင်ရမည်။




https://youtu.be/1IWa9vvaTtM

# 5　လုပ်ငန်းတွင် အသံပြုခြင်း

**【ကား ချိုင်ပင့်စက်ကို ချသည့်အခါတွင် အသံပြုခြင်း】**

- ချိုင်ပင့်စက်ကို ချသည့်အခါ ပတ်ဝန်းကျင် ဘေးအန္တရာယ်ကင်းရှင်းရေးကို အတည်ပြုစစ်ဆေးပြီး "リフトおろします" (ချိုင်ပင့်စက် ချမယ်) ဟုအသံကျယ်ကျယ်ဖြင့် အသံပြုရမည်။ ပတ်ဝန်းကျင်ရှိ လုပ်သားများမှ "はい" (ဟုတ်) ဟုပြန်ဖြေသည်ကို အတည်ပြုပြီးမှ ချိုင်ပင့်စက်ကို ချရမည်။




https://youtu.be/qdLr13gOjew

# 5　လုပ်ငန်းတွင် အသံပြုခြင်း

**【ကားနောက်ပိုင်းကို လှန်ချသည့်အခါတွင် အသံပြုခြင်း】**

・ကားနောက်ပိုင်းကို လှန်ချသည့်အခါတွင် ပတ်ဝန်းကျင်ဘေးအန္တရာယ်ကင်းရှင်းရေးကို အတည်ပြုစစ်ဆေးပြီး
“ダンプあげます” (ကားနောက်ပိုင်း လှန်ချမယ်)
ဟုအသံကျယ်ကျယ်ဖြင့် အသံပြုရမည်။
အခြား လုပ်သားများမှ “はい” (ဟုတ်)ဟုပြန်ဖြေသည်ကို အတည်ပြုပြီးမှ ကားနောက်ပိုင်းကို လှန်ချရမည်။

・ကားနောက်ပိုင်းကို လှန်ချပြီးနောက် လုံခြုံရေးဘားကို ထောက်ရမည်။

**သတိပြုရန်!** လုံခြုံရေးဘားသည် ကားနောက်ပိုင်းရှိ Dumper ပျက်စီးသွားသည့်အခါ ကားနောက်ပိုင်းကို ထောက်ပင့်ပေးထားသည်။ ကားနောက်ပိုင်းကို လှန်ချသည့်အခါ လုံခြုံရေးဘားကို ထောက်ကာ၊ လုံခြုံရေးဘား ထောက်ထားမထားကိုလည်း မပျက်မကွက် အတည်ပြုစစ်ဆေးကြရအောင်။




https://youtu.be/NWCQP0ZAUcw




https://youtu.be/c1Jvs5P-YLE

# 5　လုပ်ငန်းတွင် အသံပြုခြင်း

**【ကားနောက်ပိုင်းကို ပြန်ချသည့်အခါတွင် အသံပြုခြင်း】**

・ကားနောက်ပိုင်းကို ပြန်ချသည့်အခါတွင် ပတ်ဝန်းကျင်ဘေးအန္တရာယ်ကင်းရှင်းရေးကို အတည်ပြုစစ်ဆေးပြီး “ダンプさげます” (ကားနောက်ပိုင်း ပြန်ချမယ်) ဟုအသံကျယ်ကျယ်ဖြင့် အသံပြုရမည်။

・အခြား လုပ်သားများမှ “はい” (ဟုတ်)ဟုပြန်ဖြေသည်ကို အတည်ပြုပြီးမှ ကားနောက်ပိုင်းကို ပြန်ချရမည်။




https://youtu.be/5YJ-xWKFdxI

သတိပြုရန်! **ကားနောက်ပိုင်း ထပ်မကျလာတော့သည်ကို အတည်ပြုပြီးမှ လုံခြုံရေးဘားကို ဖြုတ်ပါ။ အန္တရာယ်တစ်စုံတစ်ရာကို ခံစားမိပါက ချက်ချင်းထွက်ပြေးပါ။**

# 5　လုပ်ငန်းတွင် အသံပြုခြင်း

**【တောင်ပံတံခါးကို လှန်ဖွင့်သည့်အခါတွင် အသံပြုခြင်း】**

- တောင်ပံတံခါးကို လှန်ဖွင့်သည့်အခါတွင် ပတ်ဝန်းကျင်ဘေးအန္တရာယ်ကင်းရှင်းရေးကို အတည်ပြုစစ်ဆေးပြီး "ウイングあげます" (တောင်ပံတံခါး လှန်ဖွင့်မယ်) ဟုအသံကျယ်ကျယ်ဖြင့် အသံပြုရမည်။
- အခြား လုပ်သားများမှ "はい" (ဟုတ်)ဟုပြန်ဖြေသည်ကို အတည်ပြုပြီးမှ တောင်ပံတံခါးကို လှန်ဖွင့်ရမည်။

**【တောင်ပံတံခါးကို ပိတ်သည့်အခါတွင် အသံပြုခြင်း】**

- တောင်ပံတံခါးကို ပိတ်သည့်အခါတွင် ပတ်ဝန်းကျင်ဘေးအန္တရာယ်ကင်းရှင်းရေးကို အတည်ပြုစစ်ဆေးပြီး "ウイングさげます" (တောင်ပံတံခါး ပိတ်မယ်) ဟုအသံကျယ်ကျယ်ဖြင့် အသံပြုရမည်။
- အခြား လုပ်သားများမှ "はい" (ဟုတ်)ဟုပြန်ဖြေသည်ကို အတည်ပြုပြီးမှ တောင်ပံတံခါးကို ပိတ်ရမည်။

# 5　လုပ်ငန်းတွင် အသံပြုခြင်း

သတိပြုရန်! **တောင်ပံတံခါးဆိုသည်မှာ ဘယ်ဘက်နှင့်ညာဘက်ရှိ ကားနောက်ခန်းဘေးတံခါးများ လှန်ဖွင့်နိုင်သည့် ကားဖြစ်သည်။ ခလုတ်ဖြင့် ဖွင့်လိုက်ပိတ်လိုက် လုပ်သောကြောင့်၊ ကားဘေးပတ်ဝန်းကျင်သာမက မျက်နှာကျက်တွင်လည်း ပစ္စည်းများရှိမရှိ အတည်ပြုစစ်ဆေးကြရအောင်။**




https://youtu.be/kr9jszWnqCg




https://youtu.be/Jwo3L6uHKMM

# 5　လုပ်ငန်းတွင် အသံပြုခြင်း

**【အင်ဂျင်ကိုနှိုးသည့်အခါတွင် အသံပြုခြင်း】**

- အင်ဂျင်ကိုနှိုးသည့်အခါတွင် ပတ်ဝန်းကျင် ဘေးအန္တရာယ်ကင်းရှင်းရေးကို အတည်ပြုစစ်ဆေးပြီး “エンジンかけます” (အင်ဂျင်နှိုးမယ်) ဟုအသံကျယ်ကျယ်ဖြင့် အသံပြုရမည်။
- အခြား လုပ်သားများမှ “はい” (ဟုတ်)ဟုပြန်ဖြေသည်ကို အတည်ပြုပြီးမှ အင်ဂျင်ကိုနှိုးရမည်။




https://youtu.be/nfgma9fKVRg



# 6 ဘေးအန္တရာယ် ကင်းရှင်းမှု မရှိသောလုပ်ငန်း

# 6 ဘေးအန္တရာယ်ကင်းရှင်းမှု မရှိသောလုပ်ငန်း

ဤတွင် ဘေးအန္တရာယ်ကင်းရှင်းမှု မရှိသောလုပ်ငန်းနှင့် လုပ်ဆောင်မှုတို့ကို ရှင်းပြပါမည်။
မော်တော်ယာဉ် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းတွင် အန္တရာယ်များ များစွာရှိသောကြောင့်၊ အောက်ပါဥပမာများကို ကိုးကားကာ ဘေးအန္တရာယ်ကင်းရှင်းမှု မရှိသောလုပ်ငန်းကို မလုပ်ဆောင်မိစေရန် သတိပြုကြရအောင်။

# 6　ဘေးအန္တရာယ်ကင်းရှင်းမှု မရှိသောလုပ်ငန်း

**【ထရပ်ကားနောက်ခန်းရှိ အအိုရီ】**

※ အအိုရီဆိုသည်မှာ ကားနောက်ခန်းကို ပိတ်သည့်တံခါးဖြစ်ပါသည်။

・ "အအိုရီ" ကိုပိတ်သည့်အခါ လက်ညပ်ပြီး ထိခိုက်ဒဏ်ရာရတတ်ပါသည်။




https://youtu.be/IRQSjcj3EmA

**【ထရပ်ကား နောက်ကြည့်မှန်】**

・ ထရပ်ကားရှေ့တွင် လမ်းလျှောက်သည့်အခါ နောက်ကြည့်မှန်နှင့် ခေါင်းတိုက်မိတတ်ပါသည်။




https://youtu.be/j68ROd-atmo

# 6 ဘေးအန္တရာယ်ကင်းရှင်းမှု မရှိသောလုပ်ငန်း

**【ထရပ်ကား ယာဉ်မောင်းထိုင်ခုံ】**

- ယာဉ်မောင်းထိုင်ခုံမှ ခုန်ဆင်းပါက၊ လိမ့်ကျပြီး ထိခိုက်ဒဏ်ရာရတတ်ပါသည်။




https://youtu.be/t0Uv_wOwTxA

- အလောတကြီးဖြင့် ယာဉ်မောင်းထိုင်ခုံသို့တက်ပါက ခြေချော်ပြီး ထိခိုက်ဒဏ်ရာရတတ်ပါသည်။




https://youtu.be/Vb8a-_ygiMU

# 6 ဘေးအန္တရာယ်ကင်းရှင်းမှု မရှိသောလုပ်ငန်း

**【လေးလံသော ပစ္စည်းများ】**

- မသယ်သည့်နည်းလမ်း မှားယွင်းပါက ခါးနာတတ်ပါသည်။
- လေးလံသောအရာများကို တစ်ယောက်တည်း မမပါနှင့်




https://youtu.be/-eDjl_XXOt4

**【အင်ဂျင်နှိုးထားပါက】**

- အင်ဂျင်ခါးပတ်ကြိုးစသည့် အင်ဂျင်လည်ပတ်သည့်အပိုင်းတွင် လက်ညပ်ပါသွားခြင်း။




https://youtu.be/3jXcVaHqQp8

## 6　ဘေးအန္တရာယ်ကင်းရှင်းမှု မရှိသောလုပ်ငန်း

【မလုပ်ရသော 10 ချက်】

1. ရွေ့လျားနေသောစက်၊ လည်ပတ်နေသော အရာများကို လက်ဖြင့်လှမ်းမကိုင်ရ။
2. ဖောက်စက် သို့မဟုတ် နှစ်ဖက်ကျောက်စက်စသည့် လည်ပတ်သော ကိရိယာများကို သုံးသည့်အခါ လက်အိတ်သို့မဟုတ် လုပ်ငန်းသုံးလက်အိတ်များ မသုံးရ။
3. တပ်ထားဖုံးထားသော ကာဗာ၊ အကာ၊ လုံခြုံရေးကိရိယာများကို မဖယ်ရ၊ မဖြုတ်ရ။
4. ချီပင့်စက်၊ Pit ၊ ပစ္စည်းတင်စင်ပေါ်သို့ မတက်ရ၊ ခွမကျော်ရ။
5. သံတိုသံစများ (ရှနိုင်သည့်အရာများ) နှင့် အမှုန့်၊ ဘက်တီရီအရည်စသည့် ထိခိုက်ဒဏ်ရာရစေနိုင်သော အရာများကို လက်ဖြင့်မကိုင်ရ။

# 6　ဘေးအန္တရာယ်ကင်းရှင်းမှု မရှိသောလုပ်ငန်း

【မလုပ်ရသော 10 ချက်】

6. နားမလည်သည့်အခါ စီနီယာထံတွင် မေးပါ။
7. လှေကားကို တက်သည့်၊ ဆင်းသည့်အခါ မလောပါနှင့်။
   အိတ်ကပ်ထဲ လက်မနှိုက်ထားရ၊ မပြေးရ။
8. ဆေးလိပ်စသည့် မီးစများကို ကားအနီးမကပ်စေရ။
9. ကရိန်း သို့မဟုတ် ချိတ်ဆွဲထားသည့် အရာများ၏
   အောက်သို့မဝင်ရ။
10. ဝင်ပေါက် သို့မဟုတ် အချိုးအကွေ့ထောင့်များတွင်
    ပြေးပြီးမသွားရ။




7 နိဂုံးချုပ်အားဖြင့်

# 7 နိဂုံးချုပ်အားဖြင့်

【ကတိကဝတ်】

မော်တော်ယာဉ် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်း၏
အလုပ်တွင် “ဘေးအန္တရာယ်ကင်းရှင်းရေး” မှာ
အခြေခံဖြစ်သည်။
“ဘေးအန္တရာယ်ကင်းရှင်း”
သောလုပ်ငန်းခွင်တစ်ခုဖြစ်စေရန်၊ မိမိ၏အဝတ်အစားနှင့်
လုပ်ငန်းလုပ်ဆောင်သည့်နေရာတို့ကို သပ်ရပ်စွာ
စီစဉ်စီမံထားခြင်းရှိမရှိ အတည်ပြုစစ်ဆေးရန်
အရေးကြီးပါသည်။
“ဘေးအန္တရာယ်ကင်းရှင်းရေးသည်သာ ပထမ” ဖြင့်
မော်တော်ယာဉ် ပြုပြင်ထိန်းသိမ်းရေးကို
လုပ်ဆောင်ကြရအောင်။

